အရင်းအမြစ်များ လက်ဝယ်ရောက် ရှိရေးအတွက် ဆောင်ရွက်သည်။ ယင်းသို့ ဖော်ပြပါ ကိစ္စများ ဆောင်ရွက် နိုင်ရန် ချက်များ အကောင်အထည် ဖော်ရာတွင် မူတည်ပါသည်။

အထက်ပါရည်မှန်းချက် ဆောင်ရွက်ချက်များ အောင်မြင်မှုရရှိနိုင်ရေးအတွက် အဖွဲ့အစည်းအနေဖြင့် သတင်း အချက်အလက်များ စုဆောင်းခြင်း၊ ပိုင်းခြားစိတ်ဖြာ စီစစ် ခြင်းနှင့် သတင်း အချက်အလက်များ မျှဝေခြင်း၊ ကိစ္စရပ်များဆောင်ရွက် သည့် Cluster အသင်းနှင့် ပါဝင်ပူးပေါင်းဆောင်ရွက် သော အခြားအဖွဲ့အစည်းများ အနေ ဖြင့် ရရှိမည့် အကျိုးကျေးဇူးများမှာ -

- လိုအပ်သည့် ကူညီထောက်ပံ့မှုများ၊ ယင်းလိုအပ် ချက်များကို မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားရှိခြင်း၊ မည်သည့်ပုဂ္ဂိုလ်များ ခံစားရရှိ နိုင်ခြင်းနှင့် အခြား ကျန်ရှိသော ဟာကွက်လပ်များ (Gaps)နှင့်ပတ်သက်၍ နောက်ဆုံးပေါ် သတင်းအချက်အလက်များ၊ မြေပုံများ၊ distribution data နှင့် camp profiles etc...
- နည်းပညာကျွမ်းကျင်မှုနှင့် ရရှိမည့် သင်ခန်းစာ ဗဟုသုတ
- သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများအနေဖြင့် စံချိန်စံနှုန်း သတ်မှတ်ခြင်းနှင့် တူညီသော မဟာ ဗျူဟာပေါ်တွင် ဆုံးဖြတ်ချက်ချခြင်း
- ရန်ပုံငွေရရှိနိုင်မည့် အခြေအနေ မည်သည့် အတွက်နှင့် မည်ကဲ့သို့ အခွင့်အလမ်း ရရှိနိုင်ခြင်း
- လက်ရှိစီမံကိန်းများနှင့် စောလျင်စွာ ပြန်လည် ထူထောင်ခြင်း ဖြစ် လာနိုင်သော အရေးပေါ် ကိစ္စများနှင့် ပတ်သက်၍ အစီအစဉ်ရေးဆွဲ ချမှတ်ခြင်းနှင့် အန္တရာယ်စွန့်စားမှုများ လျော့နည်းစေခြင်း၊ ကိစ္စရပ်များနှင့် ပတ်သက်၍ ကြံ့ဉာဏ်များ
- Shelter/ NFI/ CCCM အသင်း၏ ကိုယ်စား ထောက်ခံအားပေးမှု

## ဖွဲ့စည်းပုံ

- Shelter/ NFI/ CCCM အသင်းကို အောက်ပါ အစိတ်အပိုင်းများဖြင့် ဖွဲ့စည်းထားရှိသည်။ ပူးပေါင်း ညှိနှိုင်းခြင်း၊ သတင်းအချက်အလက်များ ကွပ်ကဲစီမံခြင်း နှင့် အတတ်ပညာပံ့ပိုးခြင်း အစရှိသည်များ ပါဝင်သော အဓိကလုပ်ငန်းတာဝန်များကို ကွပ်ကဲနိုင်ရန် ရန်ကုန်မြို့ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဆွေးနွေးညှိ နှိုင်းရေးအသင်း ထားရှိခြင်း။
- National and regional Cluster meetings စိတ်ဝင်စားသည့် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း ကဏ္ဍများသို့ လက်ကမ်းကြိုဆိုသည့် တိုင်းဒေသကြီးများ နှင့် ဒေသဆိုင်ရာ အစည်းအဝေးများ
- မဟာဗျူဟာအကြံပေးအဖွဲ့ Strategic Advisory Group (SAG) ကို Danish Refugee Council မှ ဥက္ကဋ္ဌ အဖြစ် ဦးဆောင်၍ မဟာဗျူဟာများ ချမှတ်ပေးသည့် အဖွဲ့အစည်း အနည်းငယ် အုပ်စုပါဝင်သည့် မဟာ ဗျူဟာအကြံပေးအဖွဲ့
- နည်းပညာဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ Technical Working Groups (TWiGs) - Shelter ပုံစံများ နည်းပညာဆိုင်ရာ သတ်မှတ်ချက်များ မြေနှင့် ပတ်သက်သည့် ကိစ္စရပ်များ ပြန်လည် ထူထောင်ရေး စီစဉ် ချက်များတွက် တာဝန်ယူဆောင်ရွက်သည့် အလုပ် အမှု ဆောင်အဖွဲ့

## ဆက်သွယ်ရန်

Shelter / NFI / CCCM Cluster အသင်းများ သည် ရန်ကုန်၊ စစ်တွေ၊ မြစ်ကြီးနားနှင့် ဗန်းမော်မြို့များ တွင် တည်ရှိသည်။

**အသေးစိတ်သိရှိလိုပါက -**

Edward Benson (benson@unhcr.org).

www.sheltercluster.org သို့ ဝင်ရောက်ရှာဖွေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပုံညွှန်း (၁) UNOCHA မှ ပုံညွှန်း (၂)၊ Shelter Cluster မှ

**Myanmar Shelter Cluster**
ShelterCluster.org
Coordinating Humanitarian Shelter

# လုံခြုံ၍ သိက္ခာရှိပြီး သင့်တင့်လျောက်ပတ်သော ခိုနားရန် အရိပ်အာဝါသ အခြေအနေကောင်းဆီသို့ ဦးတည်ခြင်း

## Shelter, Non-food Items (NFI), Camp Coordination နှင့် Camp Management (CCCM)Cluster

တို့၏ လုပ်ဆောင်ချက်များ


(၁)

CAMP COORDINATION AND CAMP MANAGEMENT CLUSTER

"Cluster Approach" သည် ကမ္ဘာတစ်ဝှမ်း အသိအမှတ်ပြု စနစ်နည်းလမ်းဖြစ်သော လူမှုရေးအကူအညီပံ့ပိုးခြင်းအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် အရေးပေါ်အခြေအနေများတွင် တာဝန်ယူဆောင်ရွက်ခြင်းတို့ပင်ဖြစ်သည်။

Shelter, NFI, CCCM တို့နှင့် ပတ်သက်သော လုပ်ဆောင်ရမည်ဖြစ်သည့် ရခိုင်နှင့် ကချင်ပြည်နယ်များတွင် Cluster ၏ စီမံခန့်ခွဲမှုအနေဖြင့် UNHCR မှ ဦးဆောင်လက်ခံပြုလုပ်သွားမည်ဖြစ်ပါသည်။

မြန်မာပြည်တွင် Cluster Approach ကို အသုံး ပြုပြီး အကြမ်းဖက်မှုများကြောင့်ၛင်း၊ ပဋိပက္ခဖြစ်မှုများ ကြောင့်ၛင်း၊ အခြားအရေးဒုက္ခများကြောင့်ၛင်း၊ မိမိတို့၏ မူရင်းနေထိုင်ရာဒေသများမှ ထွက်ခွာနေထိုင်ရသော လူပုဂ္ဂိုလ်များအတွက် Shelter/ NFI/ CCCM တို့အပြင် ရေကောင်းရေသန့် ရရှိရေး နှင့် ရောဂါကာကွယ်ရန် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး (WASH) များနှင့် ပတ်သက်သော လူမှုစာနာရေးလုပ်ငန်းစဥ်များ ကို အသွင် တစ်မျိုးဖြင့် စီမံခန့်ခွဲညှိနှိုင်းဆောင်ရွက် ပေးခြင်းဖြစ်ပါသည်။

ဤလက်ကမ်းစာစောင်သည် Shelter/ NFI/ CCCM တို့၏ ဆောင်ရွက်ချက်များကို သိရှိစေရန် ရှင်းလင်း တင်ပြထားခြင်းဖြစ်ပါသည်။

Shelter/ NFI/ CCCM ၏ ရည်မှန်းချက်မှာ အကြမ်းဖက်မှုများကြောင့်ၛင်း၊ ပဋိပက္ခများကြောင့်ၛင်း၊ အခြား အရေးဒုက္ခများကြောင့်ၛင်း၊ မူရင်းနေထိုင်ရာ ဒေသမှ ထွက်ခွာနေထိုင်ရသော လူပုဂ္ဂိုလ်များအတွက် လုံခြုံ၍ သိက္ခာရှိမှု တို့နှင့် ကိုက်ညီသော နေထိုင်မှုနှင့် လိုအပ်ချက် များကို အခွင့်အလမ်းပေးခြင်းဖြစ်သည်။ တစ်ဆက်တည်း မှာပင် ခိုင်မာမှု အတွက် အဖြေရှာခြင်း များကိုလည်း ပြုလုပ် သွားခြင်းဖြစ်ပါသည်။

## မြန်မာနိုင်ငံ Shelter/NFI/CCCM Cluster

အကူအညီအထောက်အပံ့လိုအပ်သော ပြည်သူ လူထုများအားလုံး မှန်ကန်လိုအပ်သော အကူ အညီများ ရရှိနိုင်ရေးနှင့် အဆိုပါအကူအညီများကို လျှင်မြန်စွာ အချိန် မီှလက်ဝယ်သို့ ရောက်ရှိနိုင်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ Shelter/ NFI/ CCCM အသင်းအနေဖြင့် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်း ဆောင်ရွက်လျှက်ရှိပါသည်။

လိုအပ်သူများအတွက် Shelter ၏ အခြေခံ အိမ် သုံးပစ္စည်းများ (သို့မဟုတ်) စခန်း၌လိုအပ်သော ဝန်ဆောင်မှုများ အစရှိသည့် ကူညီထောက်ပံ့မှုကိစ္စရပ် များတွင် ပါဝင် သူဌာနတိုင်းနှင့် အဖွဲ့အစည်းသည် တန်းတူ ပူးတွဲ ဆောင်ရွက်ပါသည်။ ထိုသို့ ပါဝင်သည့် ဌာန အဖွဲ့အစည်းတိုင်းမှာ နိုင်ငံတော်အစိုးရအဖွဲ့၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့ အစည်းများ၊ အစိုးရ မဟုတ်သော အပြည်ပြည်ဆိုင်ရာနှင့် ဒေသခံအဖွဲ့အစည်းများ လူမှုရေးအဖွဲ့အစည်းများ၊ အပြည် ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့အစည်းနှင့် စေတနာ ထက်သန်စွာဖြင့် လှူတန်းသောအလှူရှင်များ စသည်တို့ ဖြစ်ပါသည်။




Shelter/ NFI/ CCCM အသင်းအနေဖြင့် အခြား သောသက်ဆိုင်ရာ ကဏ္ဍများနှင့် အဖွဲ့အစည်း များတို့နှင့် လည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပါသည်။ မှန်ကန်၍ တရားမျှတသော အဖြေရရှိနိုင်ရေးအတွက် ဆုံးဖြတ်ရာတွင် လူမှုရေးဒုက္ခများတွင် ပါဝင်ခံစားရသူ များနှင့် ၎င်းတို့နှင့် သက်ဆိုင်သော လူအုပ်စုအဖွဲ့အစည်း များကိုလည်း မြန်မာနိုင်ငံ Shelter/ NFI/ CCCM Cluster အသင်းအနေဖြင့် ပါဝင်ဆောင်ရွက်စေသည်။

## Cluster အသင်းအနေဖြင့်သင့်အတွက် ဆောင်ရွက် ပေးချက်

Cluster ၏ စီမံခန့်ခွဲမှုဆိုင်ရာတွင် ဝန်ဆောင်မှုများနှင့် အခြေခံအိမ်သုံးပစ္စည်းများ ပံ့ပိုးကူညီ ထောက်ပံ့သော အဖွဲ့အစည်းများ၊ အရေးကြီးသော ခေါင်းစဥ် အချက်အလက် များနှင့် ပတ်သက်၍ သဘောတူညီချက်များ ချမှတ်ရာတွင်အဆင်ပြေချောမောစွာ ရရှိနိုင်ရေး အတွက် ဆောင်ရွက် သည်။

ဖော်ပြပါ အရေးကြီးသော ခေါင်းစဥ်အချက် အလက်များမှာ

- ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးတွဲ၍ အကဲဖြတ်သုံးသပ်ခြင်း
- ဦးစားပေးရမည့် အလုံးစုံသော မဟာ ဗျူဟာ
- Shelter နှင့် ဆောက်လုပ်ရေး ပစ္စည်းများ၏ စံချိန်စံညွှန်း အဆင့်အတန်း သတ်မှတ်ခြင်း (သို့မဟုတ်)အခြေခံအိမ်သုံးပစ္စည်းများ စုစည်း ထားရှိခြင်း

Cluster အသင်းအနေဖြင့် လိုအပ်သူများထံသို့ ရွက်ဖျင်တဲများ၊ ပလပ်စတစ်အခင်းများ၊ တန်ဆာပလာ များ (သို့မဟုတ်) အိမ်သုံးပစ္စည်းများကို တိုက်ရိုက်ဖြန့်ဝေခြင်း မပြုပါ။ သို့ သော်လည်း အကူအညီပံ့ပိုးထောက်ပံ့သည့် အဖွဲ့ အစည်းများသို့ ဆွေးနွေးညှိနှိုင်း၍ လိုအပ်သော ကူညီမှုများ ပံ့ပိုးသည်။

Cluster အသင်းသည် ကူညီထောက်ပံ့မှု ကိစ္စများ တွင် ပါဝင်သည့်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမှန် တကယ် အသုံးလိုသည့် ဒုက္ခသည် လူထုထံသို့ တိကျ မှန်ကန်သော